**အလုပ်သင်(ကင်းလွတ်ခွင့်)ဖြင့် အထက်တန်းရှေ့နေသို့ ထုတ်ပေးသည့် တာဝန်ခံလက်မှတ် လျှောက်ထားရာတွင် အောက်ပါ စာရွက်စာတမ်းများပူးတွဲပါရှိရမည် -**

၁။ အထက်တန်းရှေ့နေအဖြစ် စာရင်းတင်သွင်းခွင့်ပြုပါရန် လျှောက်လွှာ (လျှောက်လွှာမူရင်းတွင် ရုံးခွန်တံဆိပ်ခေါင်း ၅၀၀/- ကျပ် ထမ်းဆောင်ရမည်။ လျှောက်လွှာကို ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံးသို့ လိပ်မူ လျှောက်ထားရပါမည်။)

၂။ အလုပ်သင်ကင်းလွတ်ခွင့်ဖြင့် အထက်တန်းရှေ့နေစာရင်း တင်သွင်းခွင့်ပြုပါရန် လျှောက်ထားခြင်း လျှောက်လွှာ။

၃။ တရားရေးဝန်ထမ်းများအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်တရားရေး ဦးစီးမှူး၏ သဘောထားမှတ်ချက်။

၄။ ဥပဒေအရာရှိများအတွက် ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ညွှန်ကြားရေးမှူးချုပ်(စီမံ) ၏ သဘောထားမှတ်ချက်။

၅။ တရားစီရင်ရေးရာ တာဝန်ထမ်းဆောင်နေသည့် နိုင်ငံ့ဝန်ထမ်းများအတွက် သက်ဆိုင်ရာဌာနအကြီးအကဲ(စီမံ)၏ သဘောထားမှတ်ချက်။

၆။ တိုက်ပုံအနက်ဖြင့်ရိုက်ထားသော ဓါတ်ပုံ ( ၃ ) ပုံ (၁ လက်မ×၁လက်မခွဲ ပတ်လည်၊ နောက်ခံအပြာရောင်၊ အမျိုးသားများသည် တိုက်ပုံအနက်ဝတ်ဆင်ပြီး ခေါင်းပေါင်း မဝတ်ဆင်ရ။ ရင်ထိုး တံဆိပ်တပ်ဆင်ခြင်းမရှိစေရ။ အမျိုးသမီးများသည် ဆံပင် ထုံးဖွဲ့ထားပြီး တိုက်ပုံအနက်ရောင် ဝတ်ဆင်ထားရမည်။ ရင်ထိုးတံဆိပ် တပ်ဆင်ခြင်း မရှိစေရ။ လျှောက်လွှာတင်သည့်ရက်အတွင်း ရိုက်ကူးထားသော ဓာတ်ပုံ ဖြစ်ရမည်။)

၇။ တက္ကသိုလ်ဝင်တန်း / အခြေခံပညာအထက်တန်းစာမေးပွဲ အောင်လက်မှတ်မူရင်းနှင့် မိတ္တူ။

၈။ ဥပဒေဘွဲ့/ ဥပဒေဘွဲ့နှင့် အဆင့်အတန်းတူညီကြောင်း သတ်မှတ်ထားသည့် ဘွဲ့/ ဒီပလိုမာ/ မှတ်ပုံတင်ရှေ့နေစာမေးပွဲအောင်လက်မှတ် မူရင်းနှင့်မိတ္တူ တို့အပြင် ရရှိထားသောဘွဲ့များအားလုံး၏ ဘွဲ့လက်မှတ်များမူရင်းနှင့် မိတ္တူ။

၉။ အိမ်ထောင်စုလူဦးရေစာရင်း (ပုံစံ - ၆၆/၆) မူရင်းနှင့်မိတ္တူ။

၁၀။ အသက် (၁၈)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့် မိတ္တူ။

၁၁။ အလုပ်ခန့်အပ်သည့် အမိန့်မိတ္တူမှန်။

၁၂။ အလုပ်ဌာနမှ အထက်အဆင့်အစိုးရပြန်တမ်းဝင်အရာရှိအနည်းဆုံး(၂)ဦး၏ အကျင့်စာရိတ္တနှင့် စပ်လျဉ်းသည့် ထောက်ခံစာတင်ပြရန်။

၁၃။ အထက်တန်းရှေ့နေသို့ ထုတ်ပေးသည့် တာဝန်ခံလက်မှတ်ကို ယခင်က လျှောက်ထားခဲ့ဖူးခြင်း မရှိကြောင်း ကျမ်းကျိန်လွှာမူရင်း။